Prince William County
PUBLIC SCHOOLS
*Providing A World-Class Education*

BURMESE-MYANMAR

ချစ်ခင်ရပါသော မိဘ/အုပ်ထိန်းသူ ခင်ဗျား

ဘာသာစကားအမျိုးပေါင်း တစ်ရာ ကျော်ပြောဆိုသည့် ကျွန်ုပ်တို့၏ ကွဲပြားခြားနားသော အသိုက်အဝန်း တွင် သင်နှင့် သင့်မိသားစုသည် အဖွဲ့ဝင်များဖြစ်ကြသဖြင့် ကျွန်ုပ်တို့သည် ဝမ်းသာအားရဖြစ်မိပါသည်။ Prince Willam ကောင်တီပြည်သူပိုင်ကျောင်းများ (မင်းသား ဝီလီယံ ကောင်တီ အစိုးရ အထက်တန်း ကျောင်းများ) သည် ကျောင်းသားတိုင်းအား *ကမ္ဘာ့အဆင့်မီ ပညာရေး* ကို သင်ယူနိုင်ရန် ကြိုးစား အားထုတ်သည်။ ဤလုပ်ငန်းစဉ်တွင် မိသားစု မိတ်ဖက်ပြုဆောင်ရွက်ခြင်းသည် အရေးပါသည့်အလျောက် ကလေး၏ ပညာရေးကို မိဘနှင့်အုပ်ထိန်းသူတို့မှ နားလည်ပြီးပါဝင်ဆောင်ရွက်ရန် အကူအညီ ပေးသည့် အနေဖြင့် အခြေခံသတင်းအချက်အလက်အချို့ကို ကျွန်ုပ်တို့မှကျေနပ်အားရစွာဖြင့် ပေးလိုသည်။

ကျောင်းနှင့် ပတ်သက်သော စာအုပ်၊ စာတမ်းများအားလုံးသည် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အဓိက စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကို ကျွန်ုပ်တို့ဒေသတွင် အများဆုံးတောင်းဆိုမှုရှိသည့် အခြားဘာသာ စကားဖြင့် ကျွန်ုပ်တို့ စဉ်ဆက်မပြတ် ဘာသာပြန်ဆိုလေ့ရှိသည်။

မင်းသား ဝီလီယံ ကောင်တီ အစိုးရ အထက်တန်းကျောင်းများ ဝက်(ဘ်)ဆိုဒ် --- pwcs.edu --- နှင့် ပုဂ္ဂလိကကျောင်း ဝက်(ဘ်)ဆိုဒ်များ တွင် တင်ထားသော ပုံမှန်နောက်ဆုံးရနှင့် အရေးကြီးသတင်း အချက်အလက်များမှ ဘာသာစကား အများစုကို ပြောဆိုသူများသည် အကျိုးရရှိနိုင်သည်။ အားလုံး တွင် ထင်ရှားသော ဂူဂဲ(လ်) ဘာသာပြန်ဆိုခြင်း ကိရိယာ တစ်ခုပါဝင်ပြီး အကန့်အသတ်ရှိသော ဘာသာပြန်ဆိုမှုကို ဘာသာစကား 50 ကျော်ဖြင့် ပြုလုပ်နိုင်သည်။ ကွန်ပျူတာဖြင့် ဘာသာပြန်ဆို ခြင်းများသည် ပြည့်စုံလေ့မရှိပါ။ သို့သော် ကျောင်းသတင်းအချက်အလက်များအတွက် တန်ဖိုးရှိသော အဆက်အသွယ်ကွင်းဆက်များကို ပေးနေဆဲဖြစ်သည်။ သင်၏အိမ်တွင် ကွန်ပျူတာ အသုံးပြုနိုင်ခြင်း မရှိပါက၊ အများနှင့် ဆိုင်သော မည်သည့် စာကြည့်တိုက်တွင်မဆို သင်သည် ကွန်ပျူတာတစ်ခုကို အသုံးပြုနိုင်သည်။

အရေးကြီးဆုံးမှာ ကျောင်းသားနှင့် မိဘ အခွင့်အရေးများ၊ တာဝန် ဝတ္တရားများ၊ မျှော်မှန်းချက်များ နှင့် ကျောင်းတက်ခြင်း နှင့် ကျောင်းသားများ ရရှိနိုင်သည့် အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများတို့နှင့် ပတ်သက်သော အခြားကိစ္စရပ်များစသည့် အရေးပါသော သတင်းအချက်အလက်များ ပါဝင်သည့် စာရွက်စာတမ်းများကို မည်သည့်ဘာသာစကားကိုမဆို ပြောဆိုသောသူများ နားလည် သဘောပေါက်ရန် အကူအညီပေးမည့် ကျွမ်းကျင်သော စကားပြန်များကို ဆက်သွယ်အသုံးပြုနိုင်ခွင့်အား ကျောင်းဌာနစိတ်မှ ဖြည့်ဆည်း ပေးထားသည်။ ဤကိစ္စရပ်များနှင့် ပတ်သက်ပြီး မိဘကွန်ဖရင့်အစည်းအဝေးများတွင် လူတိုင်း၏ ပြောဆိုပါဝင်မှုကို သယ်ဆောင်ပြီး နားလည်သဘောပေါက်မှုရှိခြင်းကို သေချာစေရန် စကားပြန်များသည် ကူညီနိုင်သည်။ ထိုဝန်ဆောင်မှုလုပ်ငန်းများအတွက် မိသားစု များသည် အခကြေးငွေပေးရန်မလိုပါ။

DR. STEVEN L. WALTS
*Superintendent of Schools*

P.O. BOX 389, MANASSAS, VA 20108 • WWW.PWCS.EDU

**သင်သည် တိကျသော အကူအညီကို လိုအပ်သောအခါ အောက်ဖော်ပြပါ နည်းလမ်းများအနက် မည်သည့် နည်းလမ်းကိုမဆို အသုံးပြုပါ။**

- အွန်လိုင်း - translations.pwcs.edu သို့ သွားပါ။
- လူကိုယ်တိုင်- သင့်ကလေးကျောင်းသို့ သွားပါ။ သင့်ဘာသာစကားကို ပြောဆိုသူအား ရရှိရန် အလားအလာမရှိနိုင်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ဝန်ထမ်းတစ်ဦးသည် သင့်အားကူညီရန် ပိုစတာတစ်ခုကို အသုံးပြုပြီး သတင်းအချက်အလက်များကို ကောက်ယူပါမည်။

ကိစ္စ အခြေအနေအားလုံးတွင် အောက်ပါတို့ကို ပေးရန် သင့်အား တောင်းခံလိမ့်မည်-

- ○ သင့်အမည်နှင့် သင့်ကလေးအမည်
- ○ သင့်ကလေး၏ကျောင်း၊ အတန်း၊ အဆင့် နှင့် ဆရာအမည်
- ○ သင် စကားပြောဆိုလိုသော လူတစ်ဦးတစ်ယောက် (အမည် သို့မဟုတ် အလုပ်အကိုင်ဖြင့်) နှင့် ဆွေးနွေးသည့်အကြောင်းအရာ နှင့်
- ○ သင့်ကိုဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် ဆက်သွယ်ရန် အသင့်လျော်ဆုံးအချိန်

အကယ်၍ သင့်ကလေးသည် ကျောင်းမှနေ၍ အစည်းအဝေးပြုလုပ်ရန် မေတ္တာရပ်ခံသည့် သတင်းစကား တစ်ရပ်အား အိမ်သို့ ယူဆောင်လာပါက သို့မဟုတ် သင့်အနေဖြင့် ကျောင်းဆရာ သို့မဟုတ် ကျောင်းမှ တာဝန်ရှိသော အခြားသူတစ်ဦးဖြင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ဆန္ဒရှိပါက ထိုအရေးပါသော စကားပြောဆိုမှုများအတွက် ကူညီမည့် စကားပြန်တစ်ဦးအားတောင်းခံရန် အထက်ဖော်ပြပါနည်းလမ်းများကိုသုံးပါ။ တစ်စုံတစ်ယောက်သည် မြန်နိုင်သမျှ အမြန်ဆုံး သင့်ထံသို့ပြန်လည်ဆက်သွယ်ပါမည်။

သင်၏ ပါဝင် ပတ်သက်မှုသည် သင့်ကလေးပညာရေးတွင် အပေါင်းလက္ခဏာဆောင်သော ကွဲပြားခြားနားခြင်းကို ဖြစ်စေနိုင်ပြီး ကျွန်ုပ်တို့အနေဖြင့် ထိုဝန်ဆောင်မှုလုပ်ငန်းများ သင်ရရှိနိုင်စေရန် ပြုလုပ်ခြင်းဖြင့် သင့်အား ကူညီရန် စိတ်အားထက်သန်သည်။ ဤစာသည်  မင်းသား ဝီလီယံ ကောင်တီ အစိုးရ အထက်တန်းကျောင်း၏ သင့်ကလေးနှင့် သင့်အပေါ် ကတိထားနစ်မြှုပ်ထားခြင်းကို ရှင်းလင်းစွာ သိစေသည်ဟု ကျွန်ုပ်တို့ မျှော်လင့်သည်။ ကျွန်ုပ်တို့၏ ဆန္ဒဖြစ်သော ကျောင်းသားတိုင်း ကမ္ဘာ့အဆင့်မီပညာရေးကို လက်ခံရရှိစေမည်ဆိုသည့်အချက်ကို သင် မျှဝေပေးမည်ဟု ကျွန်ုပ် ယုံကြည်သည်။

ရိုးသားစွာဖြင့်

Dr. Steven Walts (ဒေါက်တာ စတီဗင် ဝေါ့(စ်))
ကျောင်းကြီးကြပ်ရေးမှူး

* pwcs.edu သို့ သွားပါက ဤမက်ဆေ့(ချ်)တွင် ဖော်ပြထားသော သတင်းအချက်အလက်များဖြင့် ဝက်(ဘ်)စာမျက်နှာများကိုနေရာချရန် အရောင်အသွေး စုံသော ကမ္ဘာလုံးကို ရှာဖွေပါ။